မင်းဗလူး

# မဟာဗျူဟာအရပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းဗျူဟာအရ ထိုးစစ်ဆင်ခြင်း

**နိဒါန်း**

ယှဉ်ပြိုင်မှုပြင်းထန်သော မျက်မှောက်ခေတ်တွင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများ၌သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာ သာသနာရေးပါမကျန် အထွေထွေယှဉ်ပြိုင်မှုကြီးများကို သတင်းဌာန အသီးသီးမှသော်လည်းကောင်း၊ ကိုယ်တွေ့အတွေ့အကြုံများအရသော်လည်းကောင်း အချိန်နာရီမလပ်ကြားသိမြင်တွေ့ နေကြရပေသည်။ ကြီးမားသောယှဉ်ပြိုင်မှုတိုင်း၏ အကြောင်းတရားများကိုလေ့လာလျှင်နိုင်ငံရေးနှင့်ဥပဒေရေးရာဝန်းကျင်၊ နည်းပညာဝန်းကျင်၊ အကြီးစားစီးပွားရေးလုပ်ငန်းဝန်းကျင်၊ လူဦးရေဝန်းကျင်နှင့် လူမှုရေးရာဝန်းကျင်တို့၌အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲနေမှုများကြောင့် ဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ထိုအချက်များသည် ကမ္ဘာတစ်ဝန်း လွှမ်းခြုံဖြစ်ပေါ်မှုနှင့်လည်းဆက်စပ်နေပါသည်။ ကမ္ဘာတစ်ဝန်း လွှမ်းခြုံဖြစ်ပေါ်မှုသည် အဖွဲ့အစည်းများအတွက် မြောက်မြားစွာသော အကျိုးကျေးဇူးများကို ဖန်တီးပေးနိုင်စေကာမူ၊ နိုင်ငံတကာ ဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကို အမြဲတမ်းခြိမ်းခြောက်လျက်ရှိခြင်းနှင့် အမျိုးသားဈေးကွက်များအတွင်း၌ ယှဉ်ပြိုင်မှုများကိုပြင်းထန်စေခြင်း ဆိုးကျိုးတို့ကိုလည်း ဖြစ်ပေါ်စေပါသည်။

မည်သို့ပင်ဖြစ်စေ အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်သည် ပြင်းထန်သောယှဉ်ပြိုင်မှုများအတွင်းမှ မိမိအဖွဲ့အစည်းအတွက် အကျိုးအမြတ်ရရှိအောင် ဖေါ်ဆောင်ပေးနိုင်စွမ်းရှိရန်လိုအပ်ပါသည်။ သီအိုရီသဘောအရ အခြေအနေအမျိုးမျိုးအတွက် ဖြေရှင်းနည်းအဖုံဖုံရှိသည်မှန်သော်လည်း အရည်ကဲ့သို့ အမြဲတမ်းပုံစံပြောင်းလဲနေနိုင်သော လက်ငင်းအခြေအနေအတွက် ဆီလျှော်ကောင်းဆီလျှော်နိုင်မည့် ယေဘုယျအယူအဆတစ်ရပ်ကို ဆွေးနွေးတင်ပြလိုပါသည်။ ယင်းအယူအဆမှာဆန့်ကျင်ဘက်သဘောတရား နှစ်ရပ်ကိုစည်းနှောင်ထားသည့် "မဟာဗျူဟာအရပူးပေါင်းဆောင်ရွက်ခြင်းနှင့်နည်းဗျူဟာအရ ထိုးစစ်ဆင်ခြင်းအယူအဆ"ပင်ဖြစ်ပါသည်။

**မဟာဗျူဟာဆိုတာဘာလဲ**

မဟာဗျူဟာ(Strategy)ဆိုသည်မှာ မူရင်းဂရိဘာသာစကားအရ "စစ်ဗိုလ်ချုပ်များ၏အလုပ်ခန်း" ဖြစ်သည်။ ကြာလာသောအခါ ပိုကျယ်ပြန့်သော အမြင်ဖြင့်သုံးစွဲလာခဲ့ကြသည်။ စီးပွားရေးလုပ်ငန်း၊ စည်းရုံးရေးလုပ်ငန်း၊ အားကစားပြိုင်ပွဲ၊ ရွေးကောက်ပွဲအတွက် မဲဆွယ်ခြင်းများနှင့် လူမှုဆက်ဆံရေးကိစ္စများပါမကျန် ပရိယာယ်မြောက်စွာ ကြံစည်အားထုတ်ခြင်းမှန်သမျှတို့အတွက် မဟာဗျူဟာဟူသော စကားလုံးကို သုံးနေကြပြီဖြစ်ပါသည်။သို့ဖြစ်၍မဟာဗျူဟာ၏အဓိပ္ပါယ်ဖွင့်ဆိုချက်မှာလည်း ခေတ်ကာလအလိုက် အမျိုးမျိုးပြောင်းလဲလာခဲ့ပြီး ယခုခေတ်လုပ်ငန်းနယ်မြေအစုံအတွက် အကျုံးဝင်သော အဓိပ္ပါယ် ရှင်းလင်းဖေါ်ပြချက်တစ်ခုမှာ "မဟာဗျူဟာများသည် အဆုံးသတ်ရည်ရွယ်ချက်များကို ပြီးမြောက်စေသော နည်းလမ်းများဖြစ်သည်"(Strategies are means to ends)ဟူ၏။ အဆုံးသတ်ရည်ရွယ်ချက်ဆိုရာ၌ ကြားရည်မှန်းချက်များ(Intermediate Objectives/Missions)ကို ဆိုလိုခြင်း မဟုတ်သည်မှာ

ထင်ရှားပါသည်။ထို့ကြောင့်မဟာဗျူဟာသည်ရေရှည်အကျိုးအတွက် မျှော်မှန်းကြံစည်မှု ဖြစ်ပါသည်။

အဖွဲ့အစည်းတစ်ခုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အကျိုးအမြတ် ယူသည်ဖြစ်စေ၊မယူသည်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းဖြစ်စေ၊ အစိုးရဌာနဖြစ်စေ ရည်မှန်းချက်တာဝန်များ တိကျရှင်းလင်းစွာဖော်ပြထားကောင်းမှထားမည်ဖြစ်သော်လည်း ရည်ရွယ်ချက်(Aim/ Intent) တော့ မလွဲမသွေရှိရမည် ဖြစ်ပါသည်။ ၎င်းရည်ရွယ်ချက်နောက်သို့လိုက်ပါ အကောင်အထည်ဖော်ရန်ကြံစည် စိတ်ကူးမှုမှန်သမျှသည် မဟာဗျူဟာပင်ဖြစ်ပါသည်။ ခေါင်းဆောင်သည် အဖွဲ့အစည်းအတွက် မဟာဗျူဟာကိုဖန်တီးယူနိုင်ရမည်၊ ထို့နောက် အကောင်အထည်ဖော်နိုင်ရမည်၊ထိုသို့မဟာဗျူဟာကို ဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ခြင်းကိုပင် မဟာဗျူဟာစီမံခန့်ခွဲမှု (Strategic Management)ဟုခေါ်ဆိုကြခြင်းဖြစ်ပါသည်။

ဤနေရာတွင် မဟာဗျူဟာသည် တစ်ကြိမ်ဖန်တီးထားပြီးလျှင် တစ်သက်လုံးသုံးနိုင်သည်ဟု မထင်မှတ်ရန်အရေးကြီးပါသည်။ ပရပ်ရှင်းစစ်သူကြီး(Helmuth Moltke)က “မဟာဗျူဟာသည်အမြဲတမ်း ပြောင်းလဲနေသောအခြေအနေများနှင့်အညီ မူလလမ်းညွှန်သဘောတရားအားတရွေ့ရွေ့ဖြစ်ပေါ်ပြောင်းလဲစေသည်”ဟုဖွင့်ဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ မဟာဗျူဟာသည်လှေနံဓါးထစ်၊အသေဆုပ်ကိုင်ထားရမည့် သဘောတရားမဟုတ်၊ လက်ငင်းအခြေအနေနှင့် အမြဲတမ်းဆီလျော်နေမှသာ မဟာဗျူဟာ ပီပြင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

**နည်းဗျူဟာဆိုတာဘာလဲ**

မဟာဗျူဟာနှင့် နည်းဗျူဟာသည် မကြာခဏလွဲမှားစွာ နားလည်တတ်ကြပါသည်။ မဟာဗျူဟာသည် အဆုံးသတ်ရည်ရွယ်ချက်ကိုပြီးမြောက်စေသော နည်းလမ်းဖြစ်သည်။ နည်းဗျူဟာသည် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ရည်မှန်းချက်တစ်ခု သို့မဟုတ် ပန်းတိုင်တစ်ခုသို့ရောက်ရှိရန် အသုံးပြုသော နည်းလမ်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် မဟာဗျူဟာတစ်ခုအတွင်း၌ နည်းဗျူဟာအမျိုးမျိုး ပါဝင်လာနိုင် ပါသည်။ မဟာဗျူဟာကဲ့သို့ပင် နည်းဗျူဟာဟူသောစကားလုံးကိုလည်း ဘာသာရပ်များစွာတို့၌ ကျယ်ပြန့် စွာသုံးစွဲနေကြပါသည်။ အထူးသဖြင့် စီးပွားရေး၊ကုန်သွယ်ရေး၊အားကစားလုပ်ငန်းများတွင် အတွေးအခေါ် အယူအဆရေးရာနယ်များ၌ မကြာခဏသုံးစွဲလေ့ရှိသကဲ့သို့ အခြားလက်တွေ့လုပ်ငန်းနယ်များ၊ ဥပမာအားဖြင့် ဖြန်ဖြေညှိနှိုင်းပေးခြင်း၊ စူးစမ်းလေ့လာခြင်းဘာသာရပ်များနှင့် ပတ်သက်၍လည်းသုံးစွဲမှုရှိပါသည်။

မဟာဗျူဟာနှင့် နည်းဗျူဟာတို့၏ ခြားနားချက်မှာ မဟာဗျူဟာသည် ကိုယ့်စိတ်ကူးနှင့်ကိုယ်လွတ်လပ်သောနယ်မြေကိုစိတ်ကြိုက်ဖန်တီးပြီးကစားနိုင်သော်လည်းနည်းဗျူဟာသည် ကိုယ်ဖန်တီးသော နယ်ထက် အခြားသူဖန်တီးသောနယ်တွင် ကစားရသည်က ပိုများပါသည်။ ယှဉ်ပြိုင်ဘက်များ၏ အခြေအနေ ကိုစူးစမ်းလေ့လာ၍ ၎င်းတို့၏ ဟာကွက်ပျော့ကွက်များကို

အသုံးချပြီးငွင်းတို့ကိုအငိုက်မိစေရန်အခြေအနေ ဖန်တီးယူရပါသည်။ ထို့ကြောင့်နည်းဗျူဟာသည် မဟာဗျူဟာအကျိုးကျေးဇူးကြောင့် ရရှိလာသောအခွင့် အရေးများကို အသုံးချ၍သီးခြားလှုပ်ရှားဆောင်ရွက်ချက်ဖြစ်ပါသည်။ သို့ရာတွင် နည်းဗျူဟာ ပညာရှင်တစ်ဦးသည် ထိုအခွင့်အရေးတစ်ခုစီကို ရေရှည်ဆုပ်ကိုင်ထားရိုးထုံးစံမရှိပါ။ အခွင့်အရေးတစ်ခု ရပြီးလျှင်နောက်တစ်ခု၊နောက်တစ်ခုရပြီးလျှင် နောက်ထပ်တစ်ခုအမြဲ ပြောင်းလဲသိမ်းပိုက်သွားနိုင်မှသာ အဖွဲ့အစည်းအတွက် အကျိုးကျေးဇူး ဆက်တိုက်ဖြစ်ထွန်းနေမည် ဖြစ်ပါသည်။ ဤနည်းဖြင့် နောက်ဆုံး မဟာဗျူဟာရည်ရွယ်ချက်အထိ ပေါက်ရောက်အောင်မြင်သွားမည် ဖြစ်ပါသည်။

**မဟာဗျူဟာစဥ်းစားတွေးခေါ်မှု**

ယနေ့ကမ္ဘာကြီးကိုကြည့်လျှင် အချက်အလက်နည်းပညာ အသစ်အဆန်းများကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ ယခင်အချိန်ကာလများနှင့် နှိုင်းစံလျှင် အလွန်လျှင်မြန်စွာ ပြောင်းလဲနေသည်ကို တွေ့ရပါမည်။ ယနေ့ကျွန်ုပ်တို့ အလုပ်လုပ်နေကြသည့်နည်းလမ်းနှင့် နောင်အနှစ်နှစ်ဆယ်တွင်လုပ်ရ မည့်နည်းလမ်းသည် တစ်ပုံစံတည်းဖြစ်ရန်အတော်ပင်ခက်ခဲပါလိမ့်မည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများရှိ အဖွဲ့အစည်းများသည်လည်း ဤအရေးအတွက် ကြောက်မက်ဖွယ်ရာကြိုးပမ်းအားထုတ်၍ ပြင်ဆင်လျက်ရှိ ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အဖွဲ့အစည်း၏ အနာဂါတ်အတွက် မဟာဗျူဟာ စဥ်းစားတွေးခေါ်မှုလုပ်ငန်းစဥ်ကို အပြင်းအထန်ပြုလုပ်ကြရန်လိုအပ်မည်ဖြစ်ပြီး၊ မဟာဗျူဟာစီမံချက် ချမှတ်ပြီးသွားပြီဆိုလျှင်အချိန်မဆွဲဘဲအကောင်အထည်ဖော်သွားကြရပါမည်။ ကျွန်ုပ်တို့၏ပြိုင်ဘက်များကိုအနိုင်ယူရန်နည်းလမ်းမှာလက်ရှိလုပ်ငန်းခွင်တွင် စွမ်းအားကုန်ထုတ်မသုံးဘဲ မဟာဗျူဟာစဥ်းစားတွေးခေါ်မှုအပိုင်းတွင် အပြတ်အသတ် သာလွန်အောင် ပြုလုပ်ခြင်းသည်သာ ဉာဏ်အမျှော်အမြင်ရှိရာကျမည်ဖြစ်ပါသည်။

မဟာဗျူဟာစဥ်စားတွေးခေါ်မှုတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် အကြီးဆုံးပြဿနာမှာ စံပြပုံစံမရှိ ခြင်းပင်ဖြစ်ပါသည်။ ခေါင်းဆောင်များသည် စားပွဲဝိုင်းတွင်စုထိုင်ပြီး ဘယ်က စရမှန်းမသိဖြစ်တတ်ကြပါသည်။ များသောအားဖြင့်ထွေရာလေးပါးစကားပြောရင်းပုံမှန်နေ့စဥ်လုပ်ငန်းများထံ လည်ထွက်သွားတတ်ပါသည်။ ထူးချွန်သော ခေါင်းဆောင်များကတော့ ဒီလိုမဟုတ်ပါ၊ဘာအကြောင်းနဲ့ဖြစ်ဖြစ် သူတို့နှင့် စကားလက်ဆုံ ကျသွားမိပြီဆိုလျှင် သူတို့သည်သူတို့အဖွဲ့အစည်းအတွက် အနာဂတ်အမြင်ကို ပြောပြပါလိမ့်မည်။ ထိုအမြင်သည် ယနေ့ရှိနေသောပုံနှင့်မတူ ကွဲပြားခြားနားသောပုံဖြစ်ပါလိမ့်မည်။ အမြင်တစ်ခုကို ဖန်တီး ခြင်းသည် ပန်းချီကားတစ်ချပ်ရေးဆွဲရခြင်းနှင့်တူပါသည်။ ခေါင်းဆောင်သည် သူ့ခေါင်းထဲတွင်ရှိသော အမြင်ပုံကြမ်းကို စားပွဲဝိုင်းအလယ်ကောင်တွင် ချပြထားသည်။ အဖွဲ့အစည်း၏ အခြားခေါင်းဆောင်များက သူ့အမြင်ပုံကြမ်းကို ပုံချော/ပန်းချီကားတစ်ချပ်ဖြစ်လာအောင် ပြောင်းလဲပေးရန်တောင်းဆိုသည်။ဤသည်မှာမဟာဗျူဟာစဥ်းစားတွေးခေါ်မှုလုပ်ငန်းစဥ်ပင်ဖြစ်ပါသည်။

**ယှဉ်ပြိုင်မှုနှင့်စစ်သဘောတရား**

ယှဉ်ပြိုင်မှုသည်စစ်ပွဲနှင့်အလွန်တူပါသည်။ စစ်မြေပြင်စစ်ပွဲမဟုတ်သော်လည်းစီးပွားရေး စစ်ပွဲ၊ နိုင်ငံရေးစစ်ပွဲ၊ သဘောတရားရေးစစ်ပွဲစသည်ဖြင့် ခေါ်နိုင်ပါသည်။ စစ်ပွဲကို ဘယ်လို နိုင်အောင်တိုက်ရသည်ကို ရှည်လျားသော စစ်သမိုင်းနှင့် စစ်သဘောတရားတို့တွင်အပြည့်အစုံ ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် စီးပွားရေးအဖွဲ့အစည်း မြောက်မြားစွာတို့သည် စစ်သဘောတရားကို စီးပွားရေးနယ်တွင် အတုယူအသုံးချနေကြသည်မှာလည်း ကြာပြီ ဖြစ်ပါ သည်။ ထို့ကြောင့် ခေါင်းဆောင်သည် စစ်သဘောတရားတချို့ကို လိုအပ်သလို ကျင့်သုံးရန် ဝန်မလေးသင့်ပါ။

“သတင်းစုံစွာရယူရမည်”ဟူသော ပထမသဘောတရားမှာ ကျွန်ုပ်တို့သည် ယှဉ်ပြိုင်မှု မပြုလုပ်မီပြိုင်ဘက်များ၏သတင်းအချက်အလက်များ အပြည့်အစုံရယူရန်ဖြစ်သည်။ များသော အားဖြင့် အတိတ် ကာလသတင်းများနှင့် ပစ္စုပ္ပန်သတင်းအချက်များများကို ရနိုင်သော်လည်း ပိုအရေးကြီးသည်မှာအနာဂတ် သတင်းဖြစ်၏။ အနာဂတ်သတင်းသည် ထိုယှဉ်ပြိုင်ဘက် အဖွဲ့အစည်း၏ အသံများကိုနားထောင် အနက် ကောက်ခြင်းဖြင့်သာ ရနိုင်ပါမည်။

"မြေပိုင်မှစစ်နိုင်မည်" ဟူသော ဒုတိယသဘောတရားသည် ကျွန်ုပ်တို့ကစားလိုသော ကွင်းကို ကျွန်ုပ်တို့ကိုယ်တိုင် ရွေးချယ်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ယှဉ်ပြိုင်လိုသည့် ထုတ်ကုန် ပစ္စည်း၊ ဖောက်သည်၊ ဈေးကွက်နေရာဒေသကို ရွေးချယ်ရန်နှင့် မယှဉ်ပြိုင်လိုသည့် အပိုင်းကို လည်း ရွေးချယ်သတ်မှတ်ရန် ဖြစ်ပါသည်။ နေရာအကျယ်အဝန်း၊ အကြီးအသေး စိတ်တိုင်းကျ ရွေးချယ်ဆုံးဖြတ်ရန်ဖြစ်ပါသည်။

"ရည်မှန်းချက်တိကျခိုင်မြဲရမည်"ဟူသော တတိယသဘောတရားသည် ယှသ်ပြိုင်ဘက် ကိုရွေးချယ်သတ်မှတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏မဟာဗျူဟာသည် ဆီလျော်မှု၊ခိုင်မာမှုရှိနေပြီ ဆိုလျှင် ရန်သူဝင်လာခြင်းအတွက် စိတ်ဒုက္ခရောက်စရာမရှိပါ။ ပျော်ရွှင်စရာအဖြစ် ကောင်းစွာ ကစားပြနိုင်ရပါမည်။အဓိကယှဉ်ပြိုင်ဘက်ကိုစိတ်ကြိုက်မြေအခြေအနေတွင်ထိုးစစ်ဆင်ခြင်းဖြင့် လည်းကောင်း၊အခြားယှဉ်ပြိုင်ဘက်များကို ခံစစ်အနေအထားရောက်အောင် ဟန့်တားထားခြင်း ဖြင့်လည်းကောင်း ရည်မှန်းချက် တိကျခိုင်မြဲရမည်ဟူသောသဘောတရားကို အတိအကျ ကျင့်သုံးသင့်သည်။ မကြာခဏ ကျွန်ုပ်တို့တွေ့ကြရသည်မှာ ယှဉ်ပြိုင်ဘက်များ အကြောင်း လေ့လာ၊သုံးသပ်၊ အကဲဖြတ်ခြင်းများ ထပ်တလဲလဲ လုပ်နေသော်လည်း လှုပ်ရှားမှု ဘာမျှ မလုပ်ဘဲနေလျှင် ဘာမျှဖြစ်လာမည်မဟုတ်ပါ။ တိုးတက်မှုဆိုသည်မှာ ဆန္ဒတစ်ခုတည်း ရှိနေရုံ ဖြင့်မရ၊ အလုပ်လုပ်မှရနိုင်ပါမည်။ သို့ဖြစ်၍ သတ်မှတ်အချိန်တွင် တိုက်ပွဲ စဝင်နိုင်ရပါမည်။

"ရန်သူကိုအနားမပေးရ"ဟူသော စတုတ္ထသဘောတရားသည် ရှုံးနိမ့်ဆုတ်ခွာနေသော ရန်သူအား နေရာသစ်၌ကြားခံစစ်ဆင်ပြီးအင်အားပြန်လည်ဖြည့်တင်းရန်အချိန်မရအောင် အပြီး အပိုင်ချေမှုန်း ရှင်းလင်းရမည့်သဘောတရားဖြစ်ပါသည်။ ရန်သူသည်အနားရသည်နှင့် စစ်ကူ၊ ပစ်ကူတပ်ဖွဲ့များရောက်အောင် စောင့်ဆိုင်းပြီး အင်အားစုစည်း၍ ပိုမိုကြီးမားသောအင်အားဖြင့်

တန်ပြန်ထိုးစစ်ဆင်လာနိုင်သောကြောင့်ဖြစ်ပါသည်။ အကယ်၍ရန်သူသည် ထိုသို့အပြီးအပိုင် ဆုတ်ခွာရန်ငြင်းပယ်နေလျှင်ကျွန်ုပ်တို့တွင်ရှိသမျှ လက်နက်ပစ္စည်းကိရိယာများကို အစွမ်းကုန် သုံး၍ မောင်းထုတ်ရမည်ဖြစ်ပါသည်။

"စစ်မျက်နှာနှစ်ခုမဖွင့်ပါနှင့်"ဟူသော ပဥ္စမသဘောတရားမှာ ယှဉ်ပြိုင်ဘက်နှစ်ဦးကို တစ်ကြိမ်တည်း မတိုက်ရန်ဖြစ်ပါသည်။ စစ်မျက်နှာနှစ်ဘက်ဖွင့်ခဲ့ကြသော စစ်သူကြီးများ၏ အဖြစ်ကို ကျွန်ုပ်တို့သမိုင်းတွင် တွေ့မြင်ခဲ့ပြီးသား ဖြစ်ကြပါသည်။

"အကျိုးအမြတ်မရှိသောပြန်းတီးစစ်ကိုရှောင်ပါ"ဟူသော ဆဋ္ဌမသဘောတရား သည် ဈေးကွက်ရှယ်ယာအနည်းငယ်ရရန်အတွက်စီးပွားရေးစစ်ပွဲဆင်နွှဲရန် မသင့်ကြောင်း ဖေါ်ပြခြင်း ဖြစ်ပါသည်။

"အုပ်ချုပ်ထောက်ပံ့မှုမပြည့်စုံဘဲစစ်မတိုက်ပါနှင့်" ဟူသော သတ္တမသဘောတရားသည် စစ်ပွဲပြီး ဆုံးသည်အထိသုံးစွဲရမည့် လူအင်အား၊ စစ်လက်နက်ပစ္စည်းနှင့် အခြားလိုအပ်ချက် များအပြည့်အစုံရှိမှတိုက်ပွဲဝင်ရန်ဖြစ်ပါသည်။ စီးပွားရေးလောကတွင်လည်း တစ်ဘက်အဖွဲ့ အစည်းများမှ အလွယ်တကူအလျှော့ပေးလိမ့်မည်ဟု မျှော်လင့်၍ ငွေကြေး၊ နည်းပညာ၊ ကျွမ်းကျင်မှုမလုံလောက်ဘဲ ယှဉ်ပြိုင်မှုမပြုလုပ်သင့်ပါ။

"အရန်စီမံချက် အမြဲရှိရမည်"ဟူသော အဋ္ဌမသဘောတရားမှာ တစ်ကွက်မြင်ရုံဖြင့် ယှဉ်ပြိုင်မှုကို မပြုလုပ်ရန်ဖြစ်ပါသည်။ ရန်သူ၏တုန့်ပြန်လာနိုင်သော အလားအလာ အားလုံး အတွက် တုန့်ပြန်ရန် နည်းလမ်းအားလုံး စဉ်းစားပြီးမှစစ်ပွဲကိုစတင်ရန် ဖြစ်ပါသည်။

**မဟာဗျူဟာအကောင်အထည်ဖော်ခြင်း**

ခေါင်းဆောင်သည် မဟာဗျူဟာစဉ်းစားတွေးခေါ်မှုမှ ထွက်ပေါ်လာသော အနာဂတ်ပုံစံ ပန်းချီကားကို လက်တွေ့ အကောင်အထည်ဖော်ရန် စီမံချက်ရေးဆွဲသူလည်းဖြစ်ပါသည်။ သို့ရာတွင် ၎င်းသည် စီမံချက်များကို ကိုယ်တိုင်ရေးဆွဲသူ မဟုတ်ဘဲ၊ အတော်ဆုံးစီမံခန့်ခွဲရေး သမားများဖြင့် အကောင်းဆုံးစီမံချက်ရေးဆွဲနိုင်ရန်အတွက် စီစဉ်ညွှန်ကြားသူသာ ဖြစ်ပါသည်။ ရည်မှန်းချက်များကို ကိုယ်တိုင်ချမှတ်ရန်အစား၊ ဖြစ်နိုင်သမျှသော ရည်မှန်းချက်များအနက်မှ ဆီလျှော်အပ်စပ်သည်များကိုစိစစ်ရွေးချယ်ရန်နှင့်ရှင်းလင်းဖော်ပြရန် ဖြစ်ပါသည်။ မရေရာသော အနာဂတ်ကာလအကြောင်းကို ထဲထဲဝင်ဝင်သိနားလည် သူများအား စုစည်း အသုံးပြုရသည်။ မဟာဗျူဟာစီမံချက်ရေးဆွဲခြင်းသည် လူများကိုလမ်းကြောင်းပြသရန်၊စဉ်စားရွေးချယ်ရန် နှင့် စစ်ဆေးရန်အတွက်သာ ရည်ရွယ်ချက်ထားရှိရသည်။ လှုပ်၍မရသောတင်းကြပ်သည့် စီမံချက် မျိုးမဖြစ်စေရပါ။ မည်သို့ပင်ဖြစ်စေ စီမံချက်ရေးဆွဲခြင်းသည် လူသားတစ်ဦး၏ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်မှုများကို အများဆုံးအသုံးချရသည့် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်ကိုတော့ ခေါင်းဆောင်တိုင်း သဘောပေါက်ထားကြပြီးဖြစ်ကြပါသည်။

အဖွဲ့အစည်းအများစုတွင်မဟာဗျူဟာစီမံချက်ကို ခေါင်းဆောင်၏ ဦးခေါင်းအတွင်း၌သာသိုသိပ်လုံခြုံစွာ ထားတတ်ကြပါသည်။ လက်အောက်တွင် လုပ်ကိုင်နေကြသူများက အချိန်ယူ၍အကြီးအကဲလက်ခံနိုင်သောဆုံးဖြတ်ချက်များနှင့်လက်မခံသောဆုံးဖြတ်ချက်များကို မြေစမ်းခရမ်းပျိုးပြီး လေ့လာကြရသည်။ ဘာကို ကြိုက်သလဲ၊ ဘာကိုမကြိုက်ဘူးလဲသိပြီးမှ ဒါကတော့ မဟာဗျူဟာဖြစ်လိမ့်မည်ဟု တွက်ဆကြရ၏။ သိုသိပ်သောမဟာဗျူဟာတစ်ရပ်ကို အကောင်အထည်ဖေါ်ရမည့်လူများသည် အကောင်အထည်မဖေါ်မီ အချိန်များစွာအကုန်ခံ၍ မဟာဗျူဟာကိုသိနားလည်ရန်ကြိုးစားအားထုတ်ခဲ့ကြရသော်လည်း၊ လက်တွေ့တွင် ၎င်းတို့၏ ခန့်မှန်းချက်များမှာ အမှန်ထက်အမှားက များနေတတ်သည်ကို တွေ့ကြရပေသည်။

ထို့ကြောင့် မဟာဗျူဟာတစ်ရပ်ကို အကောင်အထည်ဖေါ်ရာတွင် သင်ခန်းစာယူ သင့်သည့် အမှားအယွင်းတစ်ခုမှာ လက်အောက်မှ စမ်းတဝါးဝါးလုပ်နေရခြင်းဖြင့် အချိန်၊ ငွေ၊ လုပ်အား၊ အကြံဉာဏ် ကုန်ဆုံးခြင်းနှင့် အခြားအရင်းအမြစ်များ ဆုံးရှုံးရခြင်းပင် ဖြစ်ပါသည်။ မဟာဗျူဟာသည် လျှို့ဝှက်ထားရမည့်ကိစ္စမဟုတ်ပါ။ လျှို့ဝှက်မဟာဗျူဟာကို မည်သူမျှ တက်ညီလက်ညီပြည့်ဝစွာအကောင်အထည် ဖေါ်နိုင်စွမ်းရှိမည်မဟုတ်ပါ။

နောက်ထပ်အမှားအယွင်းတစ်ခုမှာ ခေါင်းဆောင်သည် မဟာဗျူဟာကို အများနှင့် မတိုင်ပင်ဘဲ တစ်ဖက်သတ်ကျစွာ ဖေါ်ထုတ်ထားခဲ့ခြင်းဖြစ်သည်။ အလွန်တောက်ပြောင်သော မဟာဗျူဟာဖြစ်နေသည့်တိုင် အကောင်အထည်ဖေါ်ရမည့်လူများသည် ထိုမဟာဗျူဟာကို ဖေါ်ဆောင်ရာတွင် မပါဝင်ခဲ့သဖြင့် ယုံကြည်မှုနည်းပြီး သံသယစိတ်ဖြင့် မေးခွန်းထုတ်စရာ ပိုများနေတတ်ကြပါသည်။ ခိုင်း၍သာလုပ်နေရသည့် သဘောဖြစ်ပြီး စိတ်ရောကိုယ်ပါ အကောင်အထည်ဖေါ်မှုမရှိပါ။ ခေါင်းဆောင်အတွက် အလွန်ရှင်းလင်းသော မဟာဗျူဟာ သည် အကောင်အထည်ဖော်သူများအတွက် စိတ်ရှုပ်ထွေးစရာများ ပြည့်နှက်နေတတ်ပါသည်။ ထို့ကြောင့် မဟာဗျူဟာတစ်ရပ်ကို တက်ညီလက်ညီချောမောစွာ အကောင်အထည်ဖော်လိုလျှင် သက်ဆိုင်သူများအားပိုင်ဆိုင်ခွင့်ပေးရန်လိုအပ်ပါသည်။ယင်းမဟာဗျူဟာသည်ခေါင်းဆောင်၏ မဟာဗျူဟာမဟုတ်ဘဲ အဖွဲ့အစည်း၏ မဟာဗျူဟာဖြစ်ရပါမည်။

မဟာဗျူဟာတစ်ရပ်ကို အကောင်အထည်ဖေါ်ရသော လူတိုင်းသည် ထိုမဟာဗျူဟာ အပေါ်တာဝန်ယူမှုရှိရန်လည်းလိုပါသည်။ ကျွန်ုပ်တို့၏အတွေ့အကြုံအရမည်သည့်မဟာဗျူဟာ မဆို အကောင်အထည် ဖေါ်ရသော အစိတ်အပိုင်းတိုင်းတွင် ဖြစ်မြောက်အောင်မြင်ရေးအတွက် အသီးသီးတာဝန်ယူမှုရှိကြလျှင် ထိုမဟာဗျူဟာသည် အလုပ်ဖြစ်ခဲ့သည်ကိုလည်းကောင်း၊ အလားတူ တာဝန်ယူမှုမျိုးမရှိကြလျှင် မည်သည့် မဟာဗျူဟာ အမျိုးအစားမျှ အလုပ် မဖြစ်ခဲ့ သည်ကိုလည်းကောင်းတွေ့ခဲ့ကြရပြီးဖြစ်ပါသည်။ထို့ကြောင့် ခေါင်းဆောင်သည် မဟာဗျူဟာ တစ်ရပ်ကို အလျှင်အမြန် အကောင်အထည်ပေါ်စေလိုပါက၊ လက်တွေ့လုပ်ကိုင်ကြ ရမည့်

လူများ၏အခြေခံအသိတရားအတွင်းသို့မဟာဗျူဟာစဉ်းစားတွေးခေါ်မှုလုပ်ငန်းစဉ်နှင့် အကျိုးရလဒ်များကို လက်ခံယုံကြည်သွားစေရန် ကြိုတင်၍ ရှင်းလင်းဆွေးနွေးထားရမည်ဖြစ်ပါသည်။

မဟာဗျူဟာအရည်အသွေးရှိသူများသည်များသောအားဖြင့်ပညာတတ်များဖြစ်ပြီးစဉ်းစားတွေး ခေါ်နိုင်စွမ်းရှိသူများဖြစ်ကြ၏။ လက်တွေ့လုပ်ငန်းခွင် ကြီးကြပ်ကွပ်ကဲနေသူများသည် လုပ်ငန်းခွင်ကျွမ်းကျင်မှု၊ ရဲရင့်မှုသီးခြားအရည်အသွေးရှိသူများဖြစ်ကြ၏။ ဤအရည်အသွေး နှစ်မျိုးကို လိုသလိုရောသုံးခြင်း ဖြင့်စွမ်းရည်ဆိုးရှုံးလေလွင့်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ လုပ်ငန်းခွင်ကျွမ်းကျင်သူများထဲမှ အနည်းအကျဉ်းသာ မဟာဗျူဟာသမားဖြစ်နိုင်သကဲ့သို့ မဟာဗျူဟာသမားအများစုသည်လည်းလုပ်ငန်းခွင် ကျွမ်းကျင်သူများမဟုတ်ကြသဖြင့်သူ့နေရာနှင့်သူသာ အသုံးချသင့်သည်ကို သတိပြုရပါမည်။

**ပြောင်းလဲမှုများ၏ရိုက်ခတ်ချက်**

မဟာဗျူဟာတစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရနိုင်သည်ကို မြော်ချင့်ထားသင့်သည်။ ထိုစိန်ခေါ်မှုများမှာ အမျိုးအမည်အားဖြင့် ဖေါ်ပြရန်များစွာရှိမည် ဖြစ်သော်လည်း အဓိကအကြောင်းတရားမှာ ကမ္ဘာတစ်ဝှမ်းလုံး၌ အချိန်နှင့်အမျှဖြစ်ပေါ်နေသော "ပြောင်းလဲမှုများ" ကြောင့်ပင်ဖြစ်ပါသည်။ ပြောင်းလဲမှုများသည် မြန်သည်ထက်မြန်လာနေသည်။ စိပ်သည်ထက်စိပ်လာနေသည်။ အမီလိုက်ရန်ပင် မဖြစ်နိုင်တော့ပါဟု နေရာတိုင်း၌ ညည်းညူသံများ ညံနေပါသည်။ အမှန် စင်စစ် အပြောင်းအလဲသည် ထင်သလောက်မမြန်ပါ။ နည်းပညာပြောင်းလဲမှုဆိုကြပါစို့၊ လျှပ်စစ်ဓာတ်အားကို တီထွင် ထုတ်လုပ်နိုင်သောအချိန်နှင့် လျှပ်စစ်မီးသီးများဈေးကွက်သို့ ရောက်ရှိလာသည့် အချိန်သည် အနှစ်သုံးဆယ်ကြာခဲ့ပါသည်။ အလားတူမိုက်ခရိုပရိုဆက်ဆာ နည်းပညာသည်လည်း အနှစ် သုံးဆယ်ကြာမှ အများသုံးစွဲနိုင်သည့် အခြေအနေရောက်ခဲ့သည်။သမိုင်းကြောင်း အထောက် အထားများအရ နည်းပညာတစ်ခုသည် ၂၅နှစ်၊ ၃၀နှစ်ကြာမှ ဈေးကွက်တွင်သုံးစွဲနိုင်သော အခြေအနေရောက်ပြီး၊ နောက်ထပ် နှစ်ပေါင်း ၅၀မှ ၇၅နှစ်ကြာမှအောင်မြေအဆင့် အထိ ပြန့်နှံ့နိုင်ကြောင်းအထင်ရှားတွေ့ရှိရပါသည်။ အကြောင်းရင်းကရှင်းပါသည်။နည်းပညာတစ်ခု ၏အပြောင်းအလဲကကြီးမားလေ၊ ကွင်းဆက် အတွင်းမှာရှိသော လူများအတွက် အသိပညာ လိုအပ်ချက်က ပို၍လိုလေဖြစ်ပြီး ဤအတွက်အချိန်ပေးရသောကြောင့် ဖြစ်ပါသည်။

ဤသို့ဖြစ်လျှင်ပြောင်းလဲမှုသည်အဘယ့်ကြောင့်စိန်ခေါ်မှုဖြစ်လာရပါသနည်း။သတိရှိစွာဖြင့် အမြဲတမ်းစူးစမ်းလေ့လာ နေသူများအတွက်တော့ ပြောင်းလဲမှုသည် စိန်ခေါ်မှုမဟုတ်ပါ။ ထည့်သွင်းစဉ်းစားရန် အချက်တစ်ခုသာဖြစ်ပါသည်။ မေ့မေ့လျော့လျော့နေသူများအတွက်သာ အငိုက်မိခံရသောကြောင့် စိန်ခေါ်မှုဖြစ်လာရပါသည်။ သို့ရာတွင်စူးစမ်းလေ့လာနေရမည့် အပြောင်းအလဲများက များလွန်းလှပါသည်။ အသေးအမွှားပြောင်းလဲမှုများမှသည် အလွန် ကြီးမားသော ပြောင်းလဲမှုကြီးများအထိ ပါဝင်သဖြင့် အကွက်စေ့အောင် စူးစမ်းလေ့လာရန်

များစွာကြိုးစားအားထုတ်မှုလိုအပ်ပါသည်။ဘာလင်တံတိုင်းပြိုလဲခြင်းနှင့်အရှေ့ဥရောပနိုင်ငံများ နိုင်ငံရေး၊ စီးပွားရေးစနစ်ပြောင်းလဲလာခြင်း၊ စစ်အေးခေတ်ပြီးဆုံးခြင်း၊ အင်အားကြီး/အင်အား လွှန်နိုင်ငံပေါ်ပေါက်လာခြင်း၊ကမ္ဘာကြီးတွင်လောင်စာဆီအရင်းအမြစ်သိသိသာသာ လျော့နည်း လာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ နာနိုနည်းပညာနှင့် ဘိုင်အိုတက်နည်းပညာဖွံ့ဖြိုးလာခြင်း၊ ဈေးကွက် ပုံစံသည် ထုတ်လုပ်သူ စိတ်ကြိုက်မှ ဝယ်ယူသုံးစွဲသူစိတ်ကြိုက် ပြောင်းလဲလာခြင်း၊ လူဦးရေတိုးတက်နှုန်း ကျဆင်းပြီး အသက်ကြီးသူအမျိုးအစား တိုးတက်လာခြင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ခေတ်မီဖွံ့ဖြိုး တိုးတက်လာခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အကြမ်းဖက် နှိမ်နင်းရေးစစ်ပွဲများ အခြေအနေ၊ ဒီဂျစ်တယ်နည်းပညာနှင့် အင်တာနက်ဆက်သွယ်ရေးစနစ်၊ စီးပွားရေးလောက၌ ကမ္ဘာတစ်ဝန်းလွှမ်းခြုံ ဖြစ်ပေါ်မှုအစရှိသည့် အပြောင်းအလဲများနှင့် ယင်း အပြောင်းအလဲများမှထပ်ဆင့်ဖြစ်ပေါ်လာသော ဂယက် များတို့သည် ကျွန်ုပ်၏အဖွဲ့အစည်း မဟာဗျူဟာကို ရိုက်ခတ်စေနိုင်သော အချက်များဖြစ်ပါသည်။ များစွာသော ပြောင်းလဲမှုများ သည် တစ်ချိန်တည်းတွင် ပေါင်းစုံဖြစ်ပေါ်လာသော အခါရုတ်တရက် ကြောက်ခမန်း လိလိ ကြီးမားသောပြောင်းလဲမှုကြီးဖြစ်စေပါသည်။ ယင်းသို့သောပြောင်းလဲမှုများသည် တချို့ အဖွဲ့ အစည်းများအတွက်ခြိမ်းခြောက်မှုများဖြစ်စေပြီး၊ အခြားအဖွဲ့အစည်းများ အတွက်မှုအခွင့်အရေး များအဖြစ် ရောက်လာနိုင်ပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်းသည် မည်သည့်အမျိုးအစားတွင် ပါဝင်မည်ဆိုသည့်အချက်မှာ ကျွန်ုပ်တို့က ပြောင်းလဲမှုများအပေါ် ဘယ်လောက် စူးစမ်း လေ့လာသုံးသပ်ထားသည်၊ကျွန်ုပ်တို့၏ မဟာဗျူဟာသည် ဘယ်လောက်အထိ ကြိုတင်မြော် တွေးထားသည်၊ စိန်ခေါ်မှုများအပေါ်ဘယ်လောက် လွှမ်းမိုးနိုင်စွမ်းရှိသည်ဆိုသည့်အချက်များ နှင့်သက်ဆိုင်ပါလိမ့်မည်။ထို့ကြောင့်အဖွဲ့အစည်း တစ်ခုသည် မဟာဗျူဟာအရ အငိုက်မိ ခံရသည့် အခြေအနေထက် ကြောက်စရာကောင်းသော အခြေအနေမရှိပါဟု ဆိုရပါမည်။

အငိုက်မခံရရေးအတွက် ပြောင်းလဲမှုများကို စူးစမ်းလေ့လာခြင်းအလုပ်များမှာ တစ်ဦး၊ တစ်ဖွဲ့ချင်း အနေဖြင့်ဆောင်ရွက်ရန် မည်သည့်နည်းနှင့်မျှပြည့်စုံနိုင်တော့မည်မဟုတ်သဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ ရှင်းလင်းတင်ပြချက်များ တက်ရောက် ခြင်းဖြင့် အတွေ့အကြုံများကို ဖလှယ် ကြရပါသည်။ ဆွေးနွေးဝေဖန် အကြံပြုကြရပါသည်။ ဤနည်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရပါသည်။ ကိုယ်သိထားသည်ကိုမပေးလိုလျှင် သူများထံ မှလည်းရရန်မရှိပါ။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းမျဉ်း တစ်စုံတစ်ရာကိုလိုက်နာရခြင်း၊ ပေးဆပ်ရခြင်းများရှိကောင်းရှိမည်ဖြစ်သော်လည်း၊ ပူးပေါင်းဆောင်ရွက်မှု မရှိ၍ ထီးထီးဖြစ်ပြီး အငိုက်ခံရခြင်းလောက် ဆုံးရှုံးနစ်နာမှုမဖြစ်စေနိုင်ပါ။ထို့အပြင် အခွင့်ကြုံလျှင် အခွင့်အရေးများ ပင်ရလာနိုင်ကြောင်း အဖွဲ့အစည်း၏ဦးစီးဦးကိုင်အလုပ်ကို လုပ်ကိုင်နေကြသော ခေါင်းဆောင် တိုင်းသိကြပါသည်။

**နည်းဗျူဟာအရထိုးစစ်ဆင်ရန် လိုအပ်ခြင်း**

မျက်မှောက်ခေတ် ပြင်းထန်သောယှဉ်ပြိုင်မှုများကို ရင်ဆိုင်ရာတွင် ကျွန်ုပ်တို့သည် နည်းဗျူဟာအရ ထိုးစစ်ဆင်ရန် လိုအပ်ကြောင်း စစ်သဘောတရားများက သက်သေခံ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ နည်းဗျူဟာအပိုင်းတွင် ထိုးစစ်နှင့် ခံစစ်နှစ်မျိုးသာရှိရာ ခံစစ်သည် ယှဉ်ပြိုင်ဘက်က တစ်စုံတစ်ခုပြုလုပ်လာသည့်အခါ၊ ကျွန်ုပ်တို့က တစ်စုံတစ်ခု ပြန်လည်တုန့်ပြန်သည့်သဘောဖြစ်ပါသည်။ကျွန်ုပ်တို့ကအခြေအနေဖန်တီးနိုင်ခွင့်ဆုံးရှုံးနေသည့်အပြင် ယှဉ်ပြိုင်ဘက်ပေါ် အဆုံးအဖြတ်ပေးအနိုင်ယူမည့်တိုက်ပွဲကို ဆင်နွှဲနိုင်စွမ်းလည်းမရှိပါ။ လက်ငင်းအခြေအနေတစ်ရပ်ကို ဆိုးဆိုးဝါးဝါး ဖြစ်မသွားအောင် ထိန်းသိမ်း ထားနိုင်စွမ်းသာရှိပါသည်။ ခံစစ်သည်ကမ္ဘာတစ်ဝန်းပြောင်းလဲမှုများကြောင့် လည်းကောင်း၊ အချိန်နှင့်အမျှဖြစ်ပေါ်နေသော စိန်ခေါ်မှုများကြောင့်လည်းကောင်း ကျွန်ုပ်တို့၏ခံစစ်နယ်ကို တဖြည်းဖြည်းကျုံ့ဝင် လာစေပြီး ကြာလျှင်တစ်ဖွဲ့တည်းထီးထီးဖြစ်သွားသောအခြေအနေသို့ရောက်သွားစေနိုင်ပါသည်။ ထိုအခါ အဖွဲ့အစည်းသည်ရေသောက်မြစ်များ ဖြတ်တောက်ခြင်းခံရသည့် အပင်ခြောက်ပမာ ဗုန်းဗုန်းလဲကျမည့် အချိန်အတွက် စောင့်ဆိုင်းနေရသည့်အခြေအနေသို့ရောက်လာပါလိမ့်မည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် နယ်အသီးသီးတွင် ခံစစ်အယူအဆကို မလွှဲသာ၍ခေတ္တခဏယူရသည်မှလွဲ၍ ရေရှည်မသုံးစွဲမိရန် အထူးအရေးကြီးပါသည်။ ခံစစ်သည်ရောက်သည့်နေရာတွင် ရပ်တန့်သည့်အဓိပ္ပါယ်ဖြစ်ပြီး ထိုးစစ်သည် တိုးတက်မှုအတွက် ရှေ့ရှုသောအဓိပ္ပါယ်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ယှဉ်ပြိုင်ဘက်အပေါ် နည်းဗျူဟာအရ ထိုးစစ်ဆင်ရန် မဖြစ်မနေလိုအပ်ကြောင်း လက်ခံနိုင်ပြီဆိုလျှင် ထိုသို့ထိုးစစ်ဆင်နိုင်ရန်အတွက် ကျွန်ုပ်တို့တွင် အခိုင်အမာခြေကုပ်ရှိရပါမည်။ထိုခြေကုပ်သည် ဖွဲ့စည်းပြင်ဆင်ရန်၊ စစ်ကစားရာတွင် ကျောထောက်နောက်ခံပြုရန်နှင့်အုပ်ချုပ်ထောက်ပံ့မှုများပြုလုပ်ပေးရန်ဖြစ်ပါသည်။ ခြေကုပ်မရှိဘဲထိုးစစ်ဆင်လျှင်ထိုးစစ်သည်မခိုင်မြဲသည့်အပြင်မမျှော်လင့်သောအခြေအနေအတွက်ဆုံးရှုံးမှုအကြီးအကျယ်ဖြစ်စေနိုင်ပါသည်။အခိုင်အမာခြေကုပ်သည် ကျွန်ုပ်တို့ကို အားပေးထောက်ခံသော အဖွဲ့အစည်းများဖြင့်သာတည်ဆောက်ရပါမည်။ အခိုင်အမာခြေကုပ်ကို အခြေခံ၍ ယှဉ်ပြိုင်ဘက်ရန်သူကို ရည်မှန်းချက်တစ်ခုပြီးတစ်ခု ထိုးစစ်ဆင်သိမ်းပိုက်သွားခြင်းသည်သာ မျက်မှောက် ခေတ်တွင် အမြဲရှင်သန်တိုးတက်နေနိုင်မည့် အဖွဲ့အစည်းတို့၏ လုပ်နည်းလုပ်ဟန်ဖြစ်ပါသည်။

**မဟာဗျူဟာအရဦးပေါင်းဆောင်ရွက်ခြင်း**

ကျွန်ုပ်တို့အဖွဲ့အစည်း၏ရှင်သန်မှုအတွက် ကျွန်ုပ်တို့သည် နည်းဗျူဟာအရခံစစ်အနေအထားသို့ မရောက်စေရန် နှင့်ယှဉ်ပြိုင်ဘက်များကို တရစပ်ထိုးစစ်ဆင်နေရန် လိုအပ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယှဉ်ပြိုင်ဘက်များသည် ကျွန်ုပ်တို့အားထီးထီးဖြစ်စေရန်နှင့် ခံစစ်အနေအထားမှနာလန်မထူစေရန် ပိတ်ဆို့ ဖြတ်တောက်သောနည်းလမ်းနှင့် မြူဆွယ် ကျုံးသွင်းသောနည်းလမ်းတို့အပါအဝင် ဖြစ်နိုင်သမျှသော တိုက်နည်းပုံစံများဖြင့် ထိုးစစ်ဆင်လျက်

ရှိသည်ကိုမျက်မြင်ကိုယ်တွေ့တွေ့ကြုံနေရပါသည်။ ယှဉ်ပြိုင်ဘက်၏ ထိုးစစ်ကို တန်ပြန်ထိုးစစ်ဖြင့်သာ အောင်မြင်စွာရှင်းလင်းနိုင်မည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ခံစစ် အနေအထားကိုရဲရင့်စွာဖယ်ရှားပြီး ထိုးစစ်ဆင်ရန်အခိုင်အမာခြေကုပ် တည်ဆောက်ရပါမည်။ အခိုင်အမာခြေကုပ်ကိုအခြေခံ၍သာ သတင်းစုဆောင်းခြင်း၊ လှုပ်ရှားနိုင်စွမ်းရှိခြင်း၊ စစ်ကူပစ်ကူရရှိနိုင်ခြင်း၊အုပ်ချုပ်ထောက်ပံ့မှုဖြည့်တင်းနိုင်ခြင်းနှင့် ရန်သူကိုအနားမပေးဘဲ ထိုးစစ်ဆင်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည်အခြားအဖွဲ့အစည်းများစွာနှင့် မှန်ကန်ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု မရှိလျှင်ကျွန်ုပ်တို့အတွက်အခိုင်အမာခြေကုပ် သို့မဟုတ် စင်မြင့်(Firm Base or Platform) တစ်ခုမရနိုင် သည်ကိုလည်း သတိပြုရပါမည်။ ထို့ကြောင့် ယှဉ်ပြိုင်ဘက်အဖွဲ့အစည်းများကို နည်းဗျူဟာအရ အောင်မြင်စွာ ထိုးစစ်ဆင်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် အခြားအဖွဲ့အစည်းများစွာနှင့် မဟာဗျူဟာအရ ပူးပေါင်းဆောင်ရွက်မှုရှိရန်မဖြစ်မနေလိုအပ်ကြောင်းတွေ့ရပါသည်။ မဟာဗျူဟာအရပူးပေါင်းဆောင်ရွက် ရခြင်းကို အဖွဲ့အစည်းအတွင်းကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းပိုင်ခွင့်တချို့ကိုအရှုံးပေးလိုက်လျှော့ရခြင်းအဖြစ်မရှုမြင်ကြစေလိုပါ။ ကမ္ဘာတစ်ဝန်း လွှမ်းခြုံဖြစ်ပေါ်မှု လှိုင်းတံပိုးကြီး ရိုက်ခတ်နေချိန်တွင် ကျွန်ုပ်တို့အဖွဲ့အစည်းတစ်ခုချင်း ရင်မဆိုင်နိုင်သော စိန်ခေါ်မှုများစွာရှိနေပြီး၊ အဖွဲ့အစည်းများ၏ စံနှုန်းထားများပြောင်းရွှေ့ဖြစ်ပေါ်နေမှု အနေအထားကို ကောင်းစွာနားလည် သဘောပေါက် လက်ခံနိုင်စွမ်းရှိရမည်ဖြစ်ပါသည်။

**နိဂုံး**

အချုပ်အားဖြင့်ဆိုရသော် မဟာဗျူဟာအရပူးပေါင်းဆောင်ရွက်ခြင်းဆိုသည်မှာ ရေရှည်အကျိုးကိုမြော်ဆ၍ အဖွဲ့အစည်းအချင်းချင်းဖြစ်နိုင်သမျှ အညီအညွတ်လိုက်လျောမှုပြု၍ ကျွန်ုပ်တို့အား ထောက်ခံမည့်သူများအား ကျောထောက်နောက်ခံပြုထားရခြင်းဖြစ်ပါသည်။ ထိုသို့ကျောထောက် နောက်ခံရရှိပြီးမှသာ နည်းဗျူဟာအရ ထိုးစစ်ဆင်ရန်ဖြစ်ပါသည်။ နည်းဗျူဟာအရ ထိုးစစ်ဆင်ခြင်းဆိုသည်မှာ လတ်တလော အကျိုးအတွက် နည်းလမ်းတကျစီမံချက်ချမှတ်၍ တရားသဖြင့် ရဲရင့်ပြတ်သားစွာ ယှဉ်ပြိုင်မှုပြုခြင်းဖြစ်ပါသည်။

မဟာဗျူဟာအရပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းဗျူဟာအရထိုးစစ်ဆင်ခြင်းအယူအဆသည် အဖွဲ့အစည်းနှင့်ပတ်သက်သော အကြောင်းကိစ္စတစ်ခုချင်း၊ ပြဿနာတစ်ခုချင်းနှင့် လိုအပ်ချက်တစ်ခုချင်းစီကို အာရုံစူးစိုက်၍ အစီအစဉ်တကျ ဖြစ်အောင် ကိုင်တွယ်နိုင်စွမ်းရှိပါသည်။ရည်မှန်းချက်များ ရွေးချယ်ခြင်း၏အခြေခံနည်းလမ်းကိုလည်းဖော်ထုတ်ပေးပါသည်။ ယှဉ်ပြိုင်မှု သို့မဟုတ် ပြောင်းလဲမှု သို့မဟုတ် စိန်ခေါ်မှု တစ်ခုချင်း၏ အနှစ်သာရများကို စဉ်းစားသုံးသပ်ခြင်း၊ အချိန်နှင့်အခြား အရင်းအမြစ်များခွဲဝေသတ်မှတ် ခြင်းနှင့် ရည်မှန်းထားသော အင်အားများကိုစုစည်းအသုံးပြုနိုင်စွမ်းရှိပါသည်။

ထို့အပြင်မဟာဗျူဟာအရပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းဗျူဟာအရ ထိုးစစ်ဆင် အယူအဆသည် ကျွန်ုပ်တို့၏အဖွဲ့အစည်းအား အကြိတ်အနယ်ယှဉ်ပြိုင်နေရသော ခေတ်ကာလ နှင့် ပိုမိုဆီလျော်ညီညွတ်စေခြင်း၊ ပိုမိုလျှင်မြန်တက်ကြွ၍ စွမ်းအားရှိစေခြင်းနှင့် ပိုမိုပြောင်း လွယ်ပြင်လွယ်မှုရှိစေခြင်းအကျိုးကျေးဇူး များရရှိမည့် လမ်းကြောင်းသစ်ဆီသို့ ပို့ဆောင်ပေးနိုင် ကြောင်း အခိုင်အမာဖော်ပြလိုပါသည်။ဤလမ်းကြောင်း အသစ်တွင်တွေ့ကြုံရမည့်ပြဿနာများ ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများကို ကြီးမားကြံ့ခိုင်သော အင်အားဖြင့် ရင်ဆိုင်နိုင်စွမ်း ရှိစေပါသည်။ကမ္ဘာ့နိုင်ငံရေးရာ၊ စီးပွါးရေးရာ၊ ပတ်ဝန်းကျင်ရေးရာ၊ လူဦးရေရေးရာ နှင့် မိသားစုအသိုက်အဝန်း လူမှုရေးရာတို့၌ ဖွဲ့စည်းတည်ဆောက်မှုများ၊ တန်ဘိုးထား မှုများနှင့် အရင်းအမြစ်များတို့၏ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရသော အခွင့်အရေးများကိုလည်း ရယူပေးနိုင်စွမ်းရှိကြောင်းဖော်ပြအပ်ပါသည်။